ပြည်ထဲရေး

# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၈)၊ အမှတ် (၉) | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်


**စက်တင်ဘာ ၁ ရက်၊ (၇၂)နှစ်မြောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အထိမ်းအမှတ် "အထူးထုတ်"**

## (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၁-၈-၂၀၂၃ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပပြုလုပ်မည့် (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ၁၀-၈-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ပါသည်။ (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၁၀-၈-၂၀၂၃ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး **(8th ASEAN Ministerial Meeting on Drug Matter-AMMD)**ကို ၁၁-၈-၂၀၂၃ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ

**စာမျက်နှာ (၂)သို့**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (၇၂)နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး "စပယ်တို့အစဉ်မွှေးပျံ့ဖို့ စည်းကြိုးစားစို့"**

စာ(၆)သို့

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန NGO/ INGO အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာ(၇)သို့

**မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲ ရွေးချယ်ရေး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်**

စာ(၁၇)သို့

# (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်...မှ






ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်(၆)ဦး တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Pol.Gen. Vilay Lakhamfong** မှ အဖွင့်မိန့်ခွန်း ပြောကြား၍ (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး **(8th AMMD)**ကို ဖွင့်လှစ်ခဲ့ကြောင်း၊ ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်ခေါင်းဆောင်များအသီးသီးမှ မိန့်ခွန်းပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကမ္ဘာပေါ်ရှိနိုင်ငံအများစု၌ လူလုပ်မူးယစ်ဆေးဝါး**(Synthetic Drug)** ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် အဓိကခြိမ်းခြောက်လျက်ရှိသည့် ပြဿနာဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်း ကျူးလွန်သူဂိုဏ်းအဖွဲ့များ၏ ကွန်ရက်ကျယ်ပြန့်မှု၊ မှောင်ခိုဈေးကွက်ချဲ့ထွင်လာမှုများကြောင့် မူးယစ်ဆေးဝါးပြဿနာကို ပိုမိုရှုပ်ထွေးလာစေကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများနှင့် ဆက်နွယ်နေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့်မှုခင်းများကို အထောက်အပံ့ဖြစ်စေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံ၏ ကတိကဝတ်များအတိုင်း မူးယစ်ဆေးဝါးကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပြီး အာဆီယံလုပ်ငန်း စီမံချက် (၂၀၁၆-၂၀၂၅) **(ASEAN Work Plan 2016-2025)**၏ ကဏ္ဍရပ်များဖြစ်သည့် ကြိုတင်ကာကွယ်ရေးနှင့်အသိပညာပေးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများအား စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုတို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အမြား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာ ဓာတုပစ္စည်းများသည် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထုတ်လုပ်ရာနေရာများသို့ ဝင်ရောက်လျက်ရှိသဖြင့် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ လမ်းလွှဲရောက်ရှိမှုမရှိစေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ဘိန်းစိုက်ပျိုးရာဒေသများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို ၁၀-၂-၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အစားထိုးဖွံ့ဖြိုးမှုစီမံကိန်းအား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများတို့နှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရသောကြောင့် နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံရေးရောယှက်မှုများကင်းရှင်းစွာဖြင့် သတင်းအချက်အလက် ဖလှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ရနိုင်သမျှသော အရင်းအမြစ်များ၊ စွမ်းအားစုများဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှု အတွေ့အကြုံကောင်းများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေး အားလုံးအတူတကွလက်တွဲကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေး၌ အာဆီယံကိုယ်စားလှယ်ခေါင်းဆောင်များမှ (၆၇)ကြိမ်မြောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင်**(CND)**အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ၊ အာဆီယံ၏ လတ်တလောမူးယစ်ဆေးဝါးအခြေအနေများ၊ (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးပြီးဆုံးပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Pol. Gen. Vilay Lakhamfong** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် **Bilateral** တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု **စာမျက်နှာ (၁၉)သို့**

# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၂)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ရုံးအမှတ်(၄၉)ဦးစီးဌာနချုပ်ရုံး၌ ကျင်းပခဲ့ရာ ၂၃-၈-၂၀၂၃ ရက်နေ့မှ ၃၀-၈-၂၀၂၃ ရက်နေ့အထိ ပြုလုပ်ခဲ့သော ပိုက်ကျော်ခြင်းအားကစားအပါအဝင် အားကစားပြိုင်ပွဲ (၇)နည်းဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ထမ်းများမှ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိပါသည်။



## (၇၂)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်

### မွန်ပြည်နယ်




၁၆-၈-၂၀၂၃ ရက်နေ့တွင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းနှင့်ဇနီး ဦးဆောင်၍ (၇၂)နှစ်မြောက်၊ ဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းနှင့် ဝန်ထမ်း ဇနီး စုစုပေါင်း(၁၀၀)ဦးတို့အား ငွေကျပ် ၁,၆၄၈,၀၀၀/- (ကျပ်တစ်ဆယ့် ခြောက်သိန်းလေးသောင်းရှစ်ထောင်)တန်ဖိုးရှိ ပုဆိုးနှင့် တူညီဝတ်စုံများကို တစ်ဦးချင်းပံ့ပိုးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ကချင်ပြည်နယ်




၁၈-၈-၂၀၂၃ ရက်နေ့တွင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ဦးဆောင်မှုဖြင့် (၇၂)နှစ်မြောက်၊ ဌာနနှစ်ပတ်လည်နေ့အကြိုအထိမ်းအမှတ်အဖြစ် ဝန်ထမ်း(၉၃)ဦးတို့အတွက် တန်ဖိုးငွေ ၃,၇၀၀,၀၀၀/-(ကျပ်သုံးဆယ့်ခုနစ်သိန်းတိတိ)ရှိ အခြေခံ စားကုန် ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ကရင်ပြည်နယ်




၂၃-၈-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏လမ်းညွှန်မှုဖြင့် (၇၂)နှစ်မြောက်၊ ဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အိမ်ထောင်သည်ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်မွှေးဆန်(၁၂)ပြည်နှင့် ဆီ ၁ ပိဿာ ၅၀ကျပ်သား တန်ဖိုးငွေ ၆၆,၀၀၀/- နှုန်းဖြင့် (၂၆)ဦးကိုလည်းကောင်း၊ လူပျို/အပျိုတစ်ဦးလျှင် ပေါ်ဆန်မွှေး ဆန်(၆)ပြည်နှင့် ဆီ ၅၀ ကျပ်သား တန်ဖိုးငွေ ၃၁,၀၀၀/-နှုန်းဖြင့် (၂၀)ဦးကို လည်းကောင်း စုစုပေါင်းဝန်ထမ်း (၄၆)ဦးအတွက် တန်ဖိုးငွေ ၂,၃၃၆,၀၀၀/- (ကျပ်နှစ်ဆယ့်သုံးသိန်းသုံးသောင်းခြောက်ထောင်တိတိ)ရှိ အခြေခံစားကုန်ဆန်နှင့် ဆီများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်



၄-၈-၂၀၂၃ ရက်နေ့တွင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ စည်းရုံးရေးကော်မတီ၏ဦးဆောင်မှုဖြင့် (၇၂)နှစ်မြောက်၊ ဌာနနှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးရုံး သန့်ရှင်းသာယာရေး၊ ဥပမိရပ်ကောင်းမွန်ရေးနှင့် ဝန်ထမ်းမိသားစုဝင်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးတို့အတွက် ရုံးရှေ့ရေနုတ်မြောင်းတူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



၇-၇-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းနှင့်ဇနီး ဒေါ်ခင်မျိုးအေးဦးဆောင်သော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များသည် ၂၀၂၃ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မော်လမြိုင်မြို့၊ စမ်းကြီးရပ်ကွက်ရှိဌာနပိုင် ငါးကန်တွင် ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသော ဧည့်သည်တော်များဖြစ်ကြသည့် မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ စုစုပေါင်း(၅၀)ဦးခန့်တက်ရောက်ခဲ့ကြောင်း၊ အဆိုပါမိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ၊ ပျဉ်းကတိုး၊ မန်ဂျန်ရှားပင် စုစုပေါင်း အပင်(၄၀) စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

## (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်း

၃၀-၈-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများသည် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ (၇၂)နှစ်မြောက်နှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

၂-၈-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးဝင်းဦး ဦးဆောင်သော ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များသည် မိုးကောင်းကျောင်းတိုက်မှ သံဃာ(၅)ပါးအား ပင့်ဆောင်၍ ဝါဆိုသင်္ကန်း(၇)စုံနှင့် ဝတ္ထုငွေကျပ် ၇၀,၀၀၀/-(ကျပ်ခုနှစ်သောင်းတိတိ)တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး တရားတော်များနာယူခဲ့ကြောင်း၊ ထို့နောက်တွင် တရားတော်နာကြွရောက်လာကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆွမ်းဆက်ကပ်လှူဒါန်း

၂၁-၇-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မီးသတ်ဦးစီးဌာနတို့မှပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သင်ကြား၊ စီမံဆရာတော်များနှင့် သင်တန်းသားသံဃာတော်အပါး (၄၅၀)အတွက် တစ်နေ့တာဆွမ်းအလှူအဖြစ်ငွေကျပ် ၁,၅၀၀,၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)အား လှူဒါန်းခဲ့သည့်အပြင် သံဃာတော်(၅)ပါးအတွက် ထပ်မံ၍ဝတ္ထုငွေနှင့် ဝါဆိုသင်္ကန်းများလှူဒါန်းခဲ့ရာ စုစုပေါင်းငွေကျပ် ၁၇၅,၀၀၀/-(ကျပ်တစ်သိန်းခုနှစ်သောင်းငါးထောင်တိတိ) လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဓမ္မရေစင်ဝတ်ရွတ်အသင်းအား ထောက်ပံ့ငွေပေးအပ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ပြည်ထဲရေးဝန်ကြီးဌာနမှကြီးမှူးကျင်းပသော ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြသည့် ဓမ္မရေစင်ဝတ်ရွတ်အသင်းသား (၂၂)ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)စီဖြင့် စုစုပေါင်းငွေကျပ်၂,၂၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်နှစ်သိန်းတိတိ)အား ညွှန်ကြားရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးမင်းမှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



၁-၈-၂၀၂၃ ရက်နေ့(ဒုတိယဝါဆိုလပြည့်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဌ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ဦးဆောင်သော ဝန်ထမ်းနှင့်မိသားစုဝင်များသည် ပြည်နယ်ရုံးခန်းမ၌ လွိုင်ကော်မြို့၊ ထေးသမရပ်ကွက်ရှိ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇာဝုဓ၊ သာသနာ့ဓဇဓမ္မာစရိယ(M.A,Ph.D) အမှူးပြုသော သံဃာတော်(၅)ပါးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါး ဆက်ကပ်လှူဒါန်းပူဇော်ခြင်းနှင့် ကျောင်းတိုက်တော်အတွင်း ဆောက်လုပ်လျက်ရှိသည့် ကလျာဏထေရာဝါသကျောင်းဆောင်တော်အတွက် အလှူတော်ငွေ ၁,၁၅၈,၀၀၀/-(ကျပ်တစ်ဆယ့်တစ်သိန်းငါးသောင်းရှစ်ထောင်ကျပ်တိတိ)တို့ဖြင့် စုစုပေါင်းတန်ဖိုးငွေ ၁,၆၁၃,၀၀၀/-(ကျပ်တစ်ဆယ့်ခြောက်သိန်းတစ်သောင်းသုံးထောင်ကျပ်တိတိ)အား ရေစက်ချ လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း



၃-၈-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုးနှင့်ဇနီး ဦးဆောင်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများမှ ဆရာ/ဒကာကျောင်းဖြစ်သည့် တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်ရှိ အောင်မြေဘုံစံကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမာနန္ဒ အမှူးပြုသော ပင့်သံဃာ(၅)ပါးတို့အား ဝါဆိုသင်္ကန်း(၃၂)စုံ၊ ဆန်(၁)အိတ်၊ ဆီ(၁)ပုံး၊ အခြားလှူဖွယ်ပစ္စည်းများနှင့် အရုဏ်ဆွမ်း၊ စုစုပေါင်းတန်ဖိုးငွေ ၁,၉၅၀,၀၀၀/- (ကျပ်တစ်ဆယ့်ကိုးသိန်းငါးသောင်းတိတိ)တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (၇၂) နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# စံပယ်တို့အစဉ်မွှေးပျံ့ဖို့ စုစည်းကြိုးစားစို့

စံပယ်ပန်းသည် မွှေးပျံ့၍ ဖြူစင်ဝင်းပကြည်လင်၏။ စံပယ်ပန်းတို့၏ ဂုဏ်သတ္တိကို စံနမူထား၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဝန်ထမ်းများကို စံပယ်များဟု တင်စားသမုတ်ခဲ့ကြသည်။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်ပေါက်ဖွားခဲ့သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကြီးသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ဆိုလျှင် ၇၂ နှစ်မြောက် နှစ်ပတ်လည်နေ့သို့ပင် ရောက်ရှိလာပြီဖြစ်သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအက်ဥပဒေပါ လုပ်ပိုင်ခွင့်များအရ စီးပွားရေးဆိုင်ရာပြစ်မှုများ၊ ဝန်ထမ်းမသမာမှုများကို စုံစမ်းစစ်ဆေးအရေးယူလျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်နှင့်အများပြည်သူကိုထိခိုက်နစ်နာစေသည့် အမှုများ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးဆိုင်ရာဥပဒေများကို ဖောက်ဖျက်ကျူးလွန်သည့်အမှုများကို စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် နိုင်ငံတော်အတွက် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းဌာနမဟုတ်သော်လည်း ဦးစီးဌာနသို့တာဝန်ပေးအပ်လာသည့်အမှုများကို စုံစမ်းစစ်ဆေးရင်းဆုံးရှုံးနေသည့်၊ ကွယ်ပျောက်နေသည့်ဘဏ္ဍာငွေများ၊ အခွန်ငွေများ ပြန်လည်ရရှိစေရေး ခေတ်အဆက်ဆက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ (၂)နှစ်ကျော်ကာလအတွင်း အဓိကစုံစမ်းမှု(၆၄)မှု၊ ငွေကြေးခဝါချမှု(၃၀၈)မှုတို့ကို စုံစမ်းစစ်ဆေးခဲ့ပြီး သက်သေခံပစ္စည်းသိမ်းဆည်းရမိမှုတန်ဖိုးမှာ မြန်မာကျပ်ငွေ(၆၀.၂၆၈)ဘီလီယံနှင့် အမေရိကန်ဒေါ်လာအပါအဝင်နိုင်ငံခြားငွေ(၁၅)မျိုးဖြစ်ပါသည်။ စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်များအပေါ် လိုအပ်သည့်ဥပဒေအကြံပြုချက်များရယူ၍ သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ပို့ခဲ့ရာတွင် တရားရုံးများက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်အမိန့်ချမှတ်ခဲ့သည့်တန်ဖိုးမှာ မြန်မာကျပ်ငွေ(၁၄.၀၂၀) ဘီလီယံနှင့် နိုင်ငံခြားငွေများ ပါဝင်ပါသည်။

ထို့အပြင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စစ်ဆေးခဲ့သည့်အမှုများအနက် အခွန်ပေးဆောင်ရန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခွန်စည်းကြပ်နိုင်ရန် အကြောင်းကြားခဲ့သဖြင့် အခွန်စည်းကြပ်နိုင်မှုမှာ မြန်မာကျပ်ငွေ (၁၈.၄၂၄)ဘီလီယံနှင့် ထိုင်းဘတ်ငွေ (၁.၅)သိန်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စုံစမ်းစစ်ဆေးခဲ့သည့်အမှုများမှ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းနိုင်မှု၊ တရားရုံးများကပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှုနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် အခွန်စည်းကြပ်နိုင်မှု စုစုပေါင်းတန်ဖိုးမှာ မြန်မာကျပ်ငွေ (၉၂.၇) ဘီလီယံကျော်၊ ထိုင်းဘတ်ငွေ(၁.၅)သိန်းနှင့် နိုင်ငံခြားငွေ (၁၅)မျိုးဖြစ်ပါသည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် သမိုင်းအစဉ်အလာကောင်းမွန်သည့် ဌာနကြီးဖြစ်သည်နှင့်အညီ ဌာနဝင်မျိုးဆက်သစ်ဝန်ထမ်းများကလည်း ဌာနကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိလာပေသည်။ မိခင်ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဦးစီးဌာနအကြီးအကဲများ၏ လမ်းညွှန်မှုများနှင့်အညီလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများကလည်း ဖွဲ့၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ စေတနာပါပါဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်လိုပါသည်။ တာဝန်ကျေပွန်အောင် ထမ်းဆောင်ပြီး၍ အငြိမ်းစားယူသွားကြသည့် ဝန်ထမ်းဟောင်းများ၏ ဆောင်ရွက်ချက်များအပေါ် အတုယူစံနမူနာထား၍ သာလွန်ထက်မြက်အောင် တီထွင်ကြံဆဆောင်ရွက်တတ်ကြရန်လိုပါသည်။ ပြောင်းလဲလာသည့် ခေတ်စနစ်အရ စစ်ဆေးရသည့်အမှုများ၊ လုပ်ငန်းများမှာ ဆန်းသစ်လာရာ နိုင်ငံတကာနှင့် ပြည်တွင်း၌ ဖြစ်ပေါ်ပြောင်းလဲနေသည့်အခြေအနေများကို လေ့လာနေပြီး လိုအပ်သည့်နည်းပညာများကို မျက်ခြည်မပြတ်ဆည်းပူးနေကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဝန်ထမ်းများသည် လုပ်ငန်းသဘောအရ အများပြည်သူနှင့်ထိတွေ့ဆက်ဆံရာတွင် စိတ်ထားနူးညံ့သူများ၊ ကူညီရိုင်းပင်းတတ်သူများ၊ ဆင်ခြင်တုံတရားပြည့်ဝစွာဖြင့်ထောက်ထားညှာတာတတ်သူများဟု အသိအမှတ်ပြုမှုရရှိနိုင်ရန် ကြိုးစားကြရပါမည်။ ဝန်ထမ်းတစ်ဦးချင်းစီ၏ ဆောင်ရွက်ချက်သည် မိမိဦးစီးဌာနအတွက် လွန်စွာအရေးပါသည်ကို သတိမူရပေမည်။ မိမိတို့၏ ဆောင်ရွက်ချက်များအပေါ်မူတည်၍ ဦးစီးဌာနကြီး၏ ပုံရိပ်သည်လည်း ပြောင်းလဲမည်ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးရသည့်အမှုများတွင် ပါဝင်ပတ်သက်သူများမှာ အလိုလောဘကြီးပြီး မိမိကိုယ်ကျိုးအတွက် ရယူလိုမှုပြင်းပြသဖြင့် ပြစ်မှုကျူးလွန်သူများပါဝင်သကဲ့သို့အချို့မှာလည်း သက်ဆိုင်မှုမရှိဘဲ ပုဂ္ဂိုလ်ရေးအာဃာတဖြင့် မလိုမုန်းထားစွပ်စွဲခံရသူများလည်း ပါဝင်လာမည်ဖြစ်ပါသည်။ အမှား/အမှန်၊ အတိမ်/အနက်ကိုကွဲလွဲအောင် ခွဲခြားသိရှိရန်မှာ ဝန်ထမ်းတစ်ဦးချင်းအလိုက် ရှိထားသင့်သည့်အရည်အချင်းဖြစ်ပါသည်။ စုံစမ်းမှုများကို စစ်ဆေးရသည့် အမှုစစ်ဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအကြီးအကဲများထံ ပြန်လည်တင်ပြရာတွင်အပြစ်လုပ်သူကို အပြစ်ရှိကြောင်း အထောက်အထားပြည့်ပြည့်စုံစုံဖြင့် တင်ပြနိုင်ရမည်ဖြစ်ပြီး အပြစ်ကျူးလွန်မှုမရှိသူကို အပြစ်ရှိကြောင်း မှားယွင်းမတင်ပြမိစေရန် အထူးသတိထားရမည် ဖြစ်ပါသည်။

ဦးစီးဌာနကြီးကို လူရှိသေရှင်ရှိသေဌာနကြီး၊ အများပြည်သူက လေးစားအားထား ယုံကြည်ရသည့်ဌာနကြီးဖြစ်စေရန်မှာ လက်ရှိတာဝန်ထမ်းဆောင်နေသည့် မျိုးဆက်သစ်ဝန်ထမ်းများပေါ်တွင်သာ မူတည်နေပါသည်။ ဌာနဝင်ဝန်ထမ်းတစ်ဦးချင်းစီက စုစည်းညီညွတ်စွာဖြင့် မိမိတို့ဦးစီးဌာနကြီးအပေါ် စေတနာထားလုပ်ဆောင်ကြရမည်ဖြစ်သည့်အပြင် ဦးစီးဌာန၏လုပ်ငန်းများအပေါ်နှင့် ဝန်ထမ်းအချင်းချင်းအပေါ်တွင် သစ္စာရှိရန်လည်း လိုအပ်ပါသည်။ ဝန်ထမ်းများအနေဖြင့်သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ အက္ခရာစွဲသုံး ဤရှစ်လုံးကို "သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"ဟူသည့် အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ "သု-စိ-ပု-ဘာ" ကေပိုဒ်လင်္ကာပါအတိုင်း အမြဲမပြတ် ကျင့်ကြံပွားများ နေကြစေချင်ပါသည်။

သု - သုဏေယ - နာကြားရာ၏

စိ - စိန္တေယျ - ကြံစည်ရာ၏

ပု - ပုစ္ဆေယျ - မေးမြန်းရာ၏

ဘာ - ဘာသေယျ - ပြောဆိုရာ၏

ဝိ - ဝိစာရေယျ - စူးစမ်းဆင်ခြင်ရာ၏

လိ - လိက္ခေယျ - ရေးသားရာ၏

သိ - သိက္ခေယျ - သင်ယူရာ၏

ဓာ - ဓာရေယျ - နှုတ်တတ်ဆောင်ရာ၏

**သန်းထွန်းဝင်း**

## NGO/ INGO အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ






NGO/ INGO အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲအား ၂၄-၇-၂၀၂၃ ရက်နေ့၊ ၀၈၀၀ အချိန်တွင် နေပြည်တော် **Hotel Max** ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၁၁)ခုမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ၊ ပြည်တွင်းအသင်းအဖွဲ့ (၃၂)ဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (၅၁)ဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း အင်အား(၁၁၂)ဦး တက်ရောက်ခဲ့ကြပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်




အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ၁၁-၈-၂၀၂၃ ရက်နေ့၊ ၀၉ ၃၀ အချိန်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ အရာရှိကြီးများနှင့် ဇနီးများ၊ (မူ၊ လယ်၊ ထက်၊ တက္ကသိုလ်အဆင့်) ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနား၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ်(၁၅,၀၀၀)နှုန်းဖြင့် (၁၁၉)ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် (၂၀,၀၀၀)နှုန်းဖြင့် (၅၄)ဦး၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် (၂၅,၀၀၀)နှုန်းဖြင့် (၂၈)ဦး၊ တက္ကသိုလ်အဆင့် တစ်ဦးလျှင်ငွေကျပ် (၁၀၀,၀၀၀)နှုန်းဖြင့် (၉၇)ဦး ၊ စုစုပေါင်းကျောင်းသား/သူဦးရေ (၂၉၈)ဦးတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် (၁၃,၂၆၅,၀၀၀) (ကျပ်တစ်ရာသုံးဆယ့်နှစ်သိန်းခြောက်သောင်းငါးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) စာရင်းကောက်ယူနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ၂၄-၇-၂၀၂၃ ရက်နေ့၊ ၀၉၃၀ အချိန်တွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက် **(Biographic)**နှင့် ဇီဝဆိုင်ရာအချက်အလက် **(Biometric)** စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးသည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ အဆိုပါစာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၄-၇-၂၀၂၃ ရက်နေ့မှ ၂၆-၇-၂၀၂၃ ရက်နေ့အထိ (၃) ရက်ကြာ စာရင်းကောက်ယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ




မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာအုပ်စု၊ ဇီးကုန်းကျေးရွာ၊ ပင်လယ်ကမ်းခြေ၌ ၂၆-၇-၂၀၂၃ ရက်နေ့၊ ၀၈၃၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းသည် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ပြူးခြေထောက်ပင်(၃၀၀)ပင်၊ သမဲ့ပင်(၁၂၀၀)ပင်နှင့် အုန်းပင် (၄၀)ပင်တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

## ''မူးယစ်ရန်စွယ်အန္တရာယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်'' ဆွေးနွေးပွဲကျင်းပ





ရောဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောရွှေဝါခန်းမ၌ ၃၁-၇-၂၀၂၃ ရက်နေ့၊ ၀၉ ၃၀အချိန်တွင် **“မူးယစ်ရန်စွယ်အန္တရာယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်”** အသိပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်က ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်းအင်အား (၂၁၉)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် သိမှတ်ဖွယ်ရာဗဟုသုတများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းများအား အခြေခံစားသောက်ကုန် ဆန်များထောက်ပံ့ပေးအပ်

ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၁၅-၇-၂၀၂၃ ရက်နေ့၊ ၀၉ ၃၀ အချိန်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းသည် ဝန်ထမ်းများသက်သာချောင်ချိစေရန်ရည်ရွယ်၍ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများအား အခြေခံစားသောက်ကုန် ဆန်များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## သံဃာတော်များအား ဆေးကုသဆောင်ရွက်ပေးနေမှု အခြေအနေအား ကြည့်ရှုအားပေး



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ နိဗ္ဗာန်လမ်းပြဘုန်းတော်ကြီးကျောင်း၌ ၂-၈-၂၀၂၃ ရက်နေ့၊ ၀၈၃၀ အချိန်တွင် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ သံဃာတော်အပါး (၈၇)ပါးတို့ကို ဆေးကုသဆောင်ရွက်ပေးနေမှုအခြေအနေအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ၂၄-၇-၂၀၂၃ ရက်နေ့၊ ၀၇၀၀ အချိန်တွင် မြို့နယ်အတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပလတ်စတစ်အိတ်အစားစက္ကူ၊ အင်ဖက်၊ ငှက်ပျောဖက်စသည့် အခြားထုပ်ပိုးပစ္စည်းများ အသုံးပြုရောင်းချရန်အတွက် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေအား ကြည့်ရှုအားပေး




မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်အစည်းအဝေးခန်းမ၌ ၆-၇-၂၀၂၃ ရက်နေ့၊ ၀၉ ၀၀ အချိန်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးနေဇော် (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၇၀ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၄ ကြိမ်၊ ပေါ့ဆမီး ၂၂ ကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ လျှပ်စစ်မီး ၃၂ ကြိမ်၊ မသမာသူရှို့မီး ၄ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၆ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် ဖြစ်ပါသည်။ အိမ်ခြေအဆောက်အဦ ၁၃၈ လုံးတွင် စက်ရုံ/အလုပ်ရုံ ၃ လုံး၊ ဂိုဒေါင် ၁ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၆၃၄ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ ဒဏ်ရာရ ၃ ဦးရှိခဲ့ပြီး ငွေကျပ် ၂၂၈၂ ဒသမ ၂၂၉ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်အထိ ၇ လတာ ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၅၇ ကြိမ်၊ ပေါ့ဆမီး ၂၈၈ ကြိမ်၊ အလိုအလျောက်မီး ၂၁ ကြိမ်၊ လျှပ်စစ်မီး ၃၀၄ ကြိမ်၊ မသမာသူရှို့မီး ၆၇ ကြိမ်၊ တောမီး ၉၄ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၇၆ ကြိမ်၊ မိုးကြိုးပစ် ၄ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် စုစုပေါင်း ၁၀၁၂ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၂၆၃၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁၄ လုံးနှင့် ဂိုဒေါင် ၁၄၃ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၉၄၈၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၅၅ ဦးသေဆုံး၊ ၁၂၉ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၂၉၈၄ သေဆုံးပြီး ငွေကျပ် ၁၅၉၅ ဒသမ ၁၈၂ သန်းခန့်ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် “လျှပ်စစ်မီး၊ ပေါ့ဆမီး၊ မီးဖိုမီး”များသည် အများဆုံးတွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိမ်မစွမ်းသူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများမပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦး လုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အားမျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အချက်များအပေါ်လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေး အသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက“ပေါ့ဆမီး”ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် တံတိုင်းပြိုကျမှု ၁ ကြိမ်၊ မြေပြိုကျမှု ၄ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၂ ကြိမ်၊ ရေကြီးမှု ၁၀ ကြိမ်၊ ယာဉ်တိုက်မှု ၁၅ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၃ ကြိမ်၊ ရေယာဉ်နစ်မြုပ်မှု ၁ ကြိမ်၊ ရေနစ်မြုပ်မှု ၃ ကြိမ်၊ မိမိကိုယ်ကိုသေကြောင်းကြံမှု ၂ ကြိမ်၊ ရေတွင်းပြုတ်ကျမှု ၁ ကြိမ်၊ ဗုံးပေါက်ကွဲမှု ၂ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၃၃ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၉ ကြိမ်၊ ကူညီကယ်ဆယ်ရှင်းလင်းမှု ၁၇၈ ကြိမ် စုစုပေါင်း ၂၆၆ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေအင်အား ၁၁၃၁၂ ဦးနှင့် အရန်မီးသတ်အင်အား ၂၆၂ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၅၅ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## မိသားစုဆန္ဒဖော်ထုတ်ပွဲနှင့် အခြေခံစားသောက်ကုန် ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ခြင်း



၁၅-၈-၂၀၂၃ ရက်နေ့၊ ၁၄ ၀၀ အချိန်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံး ဇမ္ဗူသီရိခန်းမတွင် နေပြည်တော် မီးသတ်ဦးစီးမှူး ရုံး၏ တပ်ဖွဲ့ဝင်ဝန်ထမ်းများနှင့် မိသားစုဝင်များ ဆန္ဒဖော်ထုတ်ဆွေးနွေးပွဲ(ဒါဘာ) (၈/၂၀၂၃) အခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ပါသည်၊ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ နှင့်ဇနီး ဒေါ်ခင်ယုံ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ခရိုင်/မြို့နယ်များမှ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုစုပေါင်းအင်အား (၁၇၀) ဦးတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဦး၊ ရေး၊ ထောက်၊ ငွေ စာရင်းဌာနခွဲများမှ တာဝန်ရှိသူများက ဌာနအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ခရိုင်/မြို့နယ်များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဆန္ဒဖော်ထုတ် ဆွေးနွေးခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ခဲ့ကြပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ နှင့်ဇနီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ယုံတို့က ပညာသင်ထောက်ပံ့ စရိတ်နှင့် တပ်ဖွဲ့ဝင် (၄၅၇) ဦးတို့အား တစ်ဦးလျှင် အခြေခံစားသောက်ကုန် ဆန်(၆)ပြည်၊ ဆီတစ်ပိဿာနှင့် ကြက်ဥ (၂၀)လုံး တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါ သည်။

## မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း(အထူး) (Course on Fire Safety Management For Executive Level) အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်





နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြီးမားသည့်အနှောက်အယှက် အဟန့်အတားများဖြစ်သော မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ စနစ်တကျလျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများမှ သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီး၏ မီးဘေးလုံခြုံရေးလုပ်ငန်းများအား စနစ်တကျစီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(အထူး) **(Course on Fire Safety Management For Executive Level)** အမှတ်စဉ်(၅)သင်တန်း ဆင်းပွဲကို ၂၈-၇-၂၀၂၃ ရက်နေ့၊ ၁၃ ၀၀ အချိန်၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ၁၀-၇-၂၀၂၃ ရက်နေ့မှ ၂၈-၇-၂၀၂၃ ရက်နေ့ အထိ ရက်သတ္တ(၃)ပတ်ကြာ သင်တန်းသား/သူ (၆၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် အရာရှိကြီးများမှ သင်တန်းသား/သူ တစ်ဦးချင်းအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ အရာရှိများ၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြို့နယ်မီးသတ်ဦးစီးမှူး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မြို့နယ်မီးသတ်ဦးစီးမှူး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ၁၁-၈-၂၀၂၃ ရက်နေ့၊ နံနက် ၀၉ ၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ဩဂုတ်လ ၁၁ ရက်နေ့ အထိ ရက်သတ္တ(၆)ပတ်ကြာ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာရှိသင်တန်းသား အင်အား (၃၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်/မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လောင်းလုံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် (က)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းဖြစ်သော ထားဝယ်-ရှင်မော်ကားလမ်းတွင် ရေကျော်မှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်အတွင်း ၂၃-၇-၂၀၂၃ ရက်နေ့၊ ၀၈ ၁၃ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် (က)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းဖြစ်သော ထားဝယ်-ရှင်မော်ကားလမ်း၊ မိုင်တိုင်အမှတ်(၁၅/၈)နှင့် (၁၅/၉)အကြားတွင် ရေကျော်မှုဖြစ်ပွားကြောင်း ၀၈ ၃၂ အချိန် သတင်းရရှိသဖြင့် လောင်းလုံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သနင်္ဘ(၇)ဦး၊ အရန်(၃)ဦးတို့ဖြင့် လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းစေရန် လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ရာ ၁၁ ၁၅ အချိန်တွင် ရေပြန်လည် ကျဆင်းသွားကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသတင်းရရှိပါသည်။



## မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ရှမ်းကုန်းကျေးရွာ၊ အောင်တော်မူဘုရားလမ်းတွင် ပိတ်စဖွသည့်အဆောက်အဦ မီးလောင်မှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ရှမ်းကုန်းကျေးရွာ၊ အောင်တော်မူဘုရားလမ်းတွင် ၂၆-၇-၂၀၂၃ ရက်နေ့၊ ၁၃ ၁၅ အချိန်ခန့်က ပိုင်ရှင် ဦးယောဟန်၏ (၂၅×၄၀)ပေ သွပ်မိုး၊ တိုင်ထောင်၊ မြေစိုက်ပိတ်စဖွသည့် လုပ်ငန်းအဆောက်အဦတွင် ပိတ်စဖွစက်မော်တာဂျန့်ဖြစ်ကာ အပူလွန်ကဲရာမှ ပိတ်စများသို့ မီးကူးစက်လောင်မှုဖြစ်ပွားပြီး အလုပ်သမားများမှ **DCP (3)Kg** မီးသတ်ဆေးဘူး(၂)ဘူးဖြင့် ကနဦးငြိမ်းသတ်နေကြောင်း ၁၃၂၀ အချိန် သတင်းရရှိသဖြင့် မြောက်ပိုင်းခရိုင်အတွင်းရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၉)စီး၊ မီးသတ်ရေသယ်ယာဉ် (၃)စီး၊ မီးသတ် အထောက်အကူပြုယာဉ် (၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၁၃)စီး၊ သနင်္ဘ(၆၈)ဦး၊ အရန်(၁၈)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၃ ၅၆အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် ပိတ်စဖွစက်(၁)လုံး၊ ပိတ်စဖွစက်မော်တာ(၁)လုံး၊ ဝါယာကြိုး အနည်းငယ်နှင့် ပိတ်ညှပ်စများ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ ဥသျှာ(၁)လမ်း၊ အိမ်အမှတ်(၈၃၃)တွင် နေအိမ်(ဆေးလိပ်ရုံ)တွင် မီးလောင်မှုဖြစ်ပွား



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ ဥသျှာ(၁)လမ်း၊ အိမ်အမှတ်(၈၃၃)တွင် နေအိမ်(ဆေးလိပ်ရုံ)တွင် ၂၆-၇-၂၀၂၃ ရက်နေ့၊ ၁၆ ၀၀ အချိန်ခန့်က ပိုင်ရှင် ဦးမင်းဟံသာ၏ (၄၀×၄၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း (၂)ထပ် နေအိမ် (ရွှေဘိုဒေါ်မဆေးလိပ်ရုံ)အောက်ထပ်တွင် ဆေးလိပ်များ ကျပ်တင်ထားရာမှ အပူလွန်ကဲပြီး အနီးရှိဆေးလိပ်နှင့် သနပ်ဖက်များသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၆ ၀၅ အချိန် သတင်းရရှိသဖြင့် ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်အထောက်အကူပြုယာဉ်(၁)စီး၊ ပဲခူးခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ်(၄)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်အထောက်အကူပြုယာဉ်(၁)စီး၊ ပဲခူးနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၂)စီး စုစုပေါင်း မီးသတ်ယာဉ် (၁၂)စီး၊ သန္ဓေ (၄၅)ဦး၊ အရန်(၁၅)ဦးတို့ဖြင့်ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၆ ၂၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၄၀×၄၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း (၂)ထပ် နေအိမ်၏ (၂၀×၂၀)ပေခန့်နှင့် ဆေးလိပ်၊ သနပ်ဖက်များ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## သံဖြူဇရပ်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျမှုဖြစ်ပွား



မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွင်းတွင် ၂၈-၇-၂၀၂၃ ရက်နေ့၊ ၁၆ ၁၅ အချိန်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကြာကန်ရပ်ကွက်၊ ကြာကန် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ စာသင်ကျောင်းဆောင် အမိုးလန်ပြီး သစ်ပင်(၂)ပင်လဲကျမှုဖြစ်ပွားကြောင်း ၁၆ ၃၀ အချိန် သတင်းရရှိသဖြင့် သံဖြူဇရပ်မြို့နယ်မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေ(၉)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၈ ၃၇ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ နေအိမ် (၁၆)လုံး အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိပါသည်။

## မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်နှင့် မြို့မမြောက်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုဖြစ်ပွား

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့တွင် ၂၇-၇-၂၀၂၃ ရက်နေ့၊ ၀၁ ၀၀ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြဇေယျာရပ်ကွက်နှင့် မြို့မမြောက်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုဖြစ်ပွားကြောင်း ၀၅ ၁၅ အချိန်သတင်းရရှိသဖြင့် ဟိုပင်နယ်မြေမီးသတ်စခန်းမှ သန္ဓေ(၄)ဦး၊ အရန်(၁၀)ဦးတို့ဖြင့် သွားရောက်ပြီး အိမ်ထောင်စု(၃၂)စုအား ဘေးလွတ်ရာ ဆွေမျိုးများနေအိမ်သို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိပါသည်။



## ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဇမိမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၆)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုဖြစ်ပွား

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဇမိမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၆)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းတွင် ၃၁-၇-၂၀၂၃ ရက်နေ့၊ ၀၅ ၀၀ အချိန်ခန့်က ဇမိမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားကြောင်း ၀၈ ၀၀ အချိန်သတင်းရရှိသဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ်မီးသတ်စခန်းများမှ သန္ဓေ(၆)ဦး၊ အရန် (၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အိမ်ထောင်စု (၇၆)စုမှ ရေဘေးသင့်ပြည်သူ ကျား (၁၉၅)ဦး၊ မ (၂၂၀)ဦး ပေါင်း (၄၁၅)ဦးတို့အား အမှတ်(၆)ရပ်ကွက်ရှိ **Cyclone Shutter** သို့ ကူညီရွှေ့ပြောင်းပေးခဲ့ရာ ၁၀ ၀၀ အချိန်တွင် ကူညီရွှေ့ပြောင်းပြီးစီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိပါသည်။



## မိုးညှင်းမြို့၊ နားခါးတောင်ရပ်ကွက်၊ စာတိုက်ရုံးဘေးရှိ သစ်ပင်မှ သစ်ကိုင်းကျိုးကျမှုဖြစ်ပွား

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နားခါးတောင်ရပ်ကွက်၊ စာတိုက်ရုံးဘေးတွင် ၂၉-၇-၂၀၂၃ ရက်နေ့၊ ၀၇ ၃၀ အချိန်ခန့်က မိုးရွာသွန်းမှုကြောင့် လုံးပတ်(၂၅)ပေ၊ အမြင့်(၆၀)ပေခန့်ရှိ ညောင်ပင်မှ လုံးပတ်(၅)ပေ၊ အရှည်(၄၅)ပေခန့်ရှိ ညောင်ကိုင်းသည် အနီးရှိ (၄၀×၂၄)ပေ **RC** စာတိုက်ရုံးပေါ်သို့ ကျိုးကျမှုဖြစ်ပွားကြောင်း ၀၉ ၅၀ အချိန်သတင်းရရှိသဖြင့် မိုးညှင်းခရိုင်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ် (၁)စီး၊ သန္ဓေ(၂၀)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၂ ၁၅ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့၍ သစ်(၄၀×၂၄)ပေ **RC** စာတိုက်ရုံးရှိ အမိုး(၁၀×၁၅)ပေခန့် ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သတင်းရရှိပါသည်။




## မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းဘေးရှိ သစ်ပင်လဲကျမှုဖြစ်ပွား



ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းဘေးတွင် ၃၁-၇-၂၀၂၃ ရက်နေ့၊ ၁၁ ၃၀ အချိန်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လုံးပတ်(၄)ပေ၊ အမြင့်(၅၀)ပေခန့်ရှိ ဘောလုံး(ဗုံလုံ)ပင်သည် အနီးရှိဓာတ်တိုင် (၂)တိုင်၊ (၃×၃)ပေ **Transformer** နှင့် **200 KVA** ဓာတ်အားခွဲစက်ရုံပေါ်သို့ လဲကျမှုဖြစ်ပွားကြောင်း ၁၂ ၀၅ အချိန်သတင်းရရှိသဖြင့် မြဝတီခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေ(၅)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၆ ၃၀ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့၍ သစ်ပင်လဲကျမှုကြောင့် အရောင်းစာရေး မအိမေ ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)အား စေတနာလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် မြဝတီခရိုင်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကျောက္ကာလမ်းမကြီးဘေး၊ မုံရွာစီးပွားရေးတက္ကသိုလ်ဝင်းအတွင်း မြွေတစ်ကောင် ဝင်ရောက်မှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကျောက္ကာလမ်းမကြီးဘေး၊ မုံရွာစီးပွားရေးတက္ကသိုလ်ဝင်းအတွင်းတွင် ၂၉-၇-၂၀၂၃ ရက်နေ့၊ ၁၃ ၄၀ အချိန်ခန့်က လုံးပတ် (၃)လက်မ၊ အရှည် (၇)ပေခန့်ရှိ စပါးအုံးမြွေ (၁)ကောင်ဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မုံရွာခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေ(၆)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးခဲ့ရာ ၁၄ ၂၅ အချိန်တွင် ဖမ်းဆီးရရှိခဲ့ပြီး မုံရွာ-ရေဦးကားလမ်းဘေးလွတ်ရာသို့ သွားရောက်လွှတ်ပေးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သတင်းရရှိပါသည်။



## ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကင်းတောင်လမ်း၊ အမှတ်(၁)ကြိုးတံတားထိပ်တွင် သစ်ပင်လဲကျမှုဖြစ်ပွား



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကင်းတောင်လမ်း၊ အမှတ်(၁)ကြိုးတံတားထိပ်တွင် ၁-၈-၂၀၂၃ ရက်နေ့၊ ၀၉ ၃၀ အချိန်ခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လုံးပတ်(၂)ပေ၊ အမြင့်(၃၀)ပေခန့်ရှိ ဗာဒံပင်လဲကျမှုဖြစ်ပွားကြောင်း ၀၉ ၄၅ အချိန်သတင်းရရှိသဖြင့် ပုသိမ်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေ(၈)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၀ ၀၀ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပွင့်ဖြူမြို့နယ်၊ မုန်တောကြီးကျေးရွာအဝင်လမ်းဘေးတွင် သစ်ပင်လဲကျမှုဖြစ်ပွား



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မုန်တောကြီးကျေးရွာ အဝင်လမ်းဘေးတွင် ၂၃-၇-၂၀၂၃ ရက်နေ့၊ ၁၀ ၁၅ အချိန်ခန့်က လုံးပတ်(၅)ပေ၊ အမြင့်(၆၀)ပေခန့်ရှိ ကင်ပွန်းခါးပင်သည် မြေပွ၍အမြစ်မခိုင်ဘဲလဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း ၁၀ ၂၀ အချိန်သတင်းရရှိသဖြင့် ပွင့်ဖြူမြို့နယ် မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ် (၁)စီး၊ သန္ဓေ (၈)ဦးတို့ဖြင့် ရှင်းလင်းရေး လုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၁ ၀၀ အချိန်တွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်း ရရှိပါသည်။

## မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် သစ်ပင်ကိုင်းကျိုးကျမှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ၂၄-၇-၂၀၂၃ ရက်နေ့၊ ၁၄ ၄၀ အချိန်ခန့်က လုံးပတ်(၁၀)ပေ၊ အမြင့်(၆၀)ပေ ခန့်ရှိ တမာပင်မှ လုံးပတ်(၁)ပေ၊ အရှည် (၄၀)ပေခန့်ရှိ တမာပင်ကိုင်းသည် အနီးရှိ ဓာတ်ကြိုးများပေါ်သို့ ကျိုးကျမှုဖြစ်ပွားကြောင်း ၁၄ ၄၅ အချိန်သတင်းရရှိ သဖြင့် မုံရွာခရိုင်/မြို့နယ်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ရှာဖွေ ကယ်ဆယ်ရေးယာဉ်(၁)စီး၊ အုပ်ချုပ်မှုယာဉ်(၁)စီး၊ ကွေ့ကြီးအရန်မီးသတ်စခန်းမှ သူနာတင်ယာဉ်(၁)စီး၊ စုစုပေါင်း သန္ဓေ(၁၅)ဦး၊ အရန်(၅)ဦးတို့ဖြင့် ရှင်းလင်းရေး လုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၆ ၀၀ အချိန်တွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။




## တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်သို့ သစ်ပင်လဲကျမှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ၂၇-၇-၂၀၂၃ ရက်နေ့၊ ၁၅ ၄၅ အချိန်ခန့်က လုံးပတ်(၂)ပေ၊ အမြင့်(၃၀)ပေ ခန့်ရှိ ပျဉ်းကတိုးပင်သည် မြေပွပြီး လမ်းမပေါ်သို့လဲကျမှုဖြစ်ပွားကြောင်း ၁၅ ၄၇ အချိန်သတင်းရရှိသဖြင့် တိုက်ကြီးမြို့နယ်မီးသတ်စခန်းများမှ မီးငြိမ်းသတ် ယာဉ်(၁)စီး၊ သန္ဓေ(၁၀)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက် ကူညီဆောင်ရွက်ခဲ့ရာ ၁၆ ၂၉ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။

## ‘အ’ သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြား

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်း များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှု မရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံအကျဉ်းထောင်တွင် **“အ”**သုံးလုံး သင်တန်းအမှတ်စဉ်(၃/၂၀၂၃)အား ၂၆-၆-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့အထိ အကျဉ်းသူ ၂၀ ဦးအား လည်းကောင်း၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနား အကျဉ်းထောင်တွင် **“အ”**သုံးလုံး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)အား ၁၀-၇-၂၀၂၃ ရက်နေ့မှ ၂၉-၉-၂၀၂၃ ရက်နေ့အထိ အကျဉ်းသား ၄၀ ဦး အား လည်းကောင်း **“အ”**သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား/သူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်/မန္တလေးဗဟိုအကျဉ်းထောင်နှင့် လှိုင်ကော်/ဘားအံအကျဉ်းထောင်တို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား/သူ ၄၄ ဦး (လွတ်မြောက်သွားသော ၅ ဦးအပါ) အောင်မြင်ခဲ့ပြီး ၎င်းတို့အနက် ၅ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၂ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၇ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၆ ဦး၊ ရိုးရိုးအောင် ၃ ဦး အောင်မြင်ခဲ့သဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဖြင့်အောင်မြင်သူ ၄၁ ဦးအား တစ်ဘာသာလျှင် ငွေကျပ် ၁၀၀,၀၀၀/-နှုန်းဖြင့် လည်းကောင်း၊ ရိုးရိုးဖြင့်အောင်မြင်သူ ၃ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀,၀၀၀/-နှုန်းဖြင့် လည်းကောင်း ၁၅-၇-၂၀၂၃ ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀,၉၅၀,၀၀၀/- အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## အကျဉ်းထောင်တပ်သားအဆင့် အခြေခံသင်တန်း(အမျိုးသမီး) အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်



အကျဉ်းဦးစီးဌာန၊ ရုံး၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် အကျဉ်းထောင် တပ်သား အဆင့် အခြေခံသင်တန်း(အမျိုးသမီး) အမှတ်စဉ်(၂၂)အား သင်တန်းသူ ၉၉ ဦးဖြင့် ၂၄-၄-၂၀၂၃ ရက်နေ့မှ ၁၁-၈-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ ၁၆ ပတ်ကြာဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၁-၇-၂၀၂၃ ရက်နေ့ ၀၈၀၀ အချိန်တွင် ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၌ ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ဆုရရှိသည့် သင်တန်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသူများ စုစုပေါင်းအင်အား ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၁၉)ကြိမ်မြောက်တရားပွဲ ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟို အကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေး အတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၃၀-၇-၂၀၂၃ ရက်နေ့ ၀၈၄၀ အချိန်၌ (၆၁၉)ကြိမ်မြောက် အပတ်စဉ် တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ (မြစ်ကြီးနား ဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **"အဆိုးထဲကအကောင်း"** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသားစုစုပေါင်းအင်အား ၂၈၄ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။



## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြား




အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှ လွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်း များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ညောင်ရွှေအကျဉ်းထောင်တွင် ပန်းရံသင်တန်းအား ၂၄-၇-၂၀၂၃ရက်နေ့မှ ၁-၉-၂၀၂၃ ရက်နေ့အထိလည်းကောင်း၊ လားရှိုးအကျဉ်းထောင်တွင် ဆံသ သင်တန်းအား ၂၈-၇-၂၀၂၃ ရက်နေ့မှ ၁၂-၉-၂၀၂၃ ရက်နေ့အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## ပြင်ပ NGOs အဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြင်ပ **NGOs** အဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ဖြစ်သော မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်လက်အောက်ရှိ **The Union** အဖွဲ့၏ **HIV-Medical Officer** ဒေါက်တာငြိမ်းထက်မျိုးမြင့်ပါ အဖွဲ့ဝင် ၃ ဦးတို့သည် ၂၆-၇-၂၀၂၃ ရက်နေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်သို့ လည်းကောင်း၊ **MSF(Holland)** အဖွဲ့သည် လားရှိုးအကျဉ်းထောင်သို့ ၆-၇-၂၀၂၃ ရက်နေ့တွင် လည်းကောင်း **HIV/AIDS** ရောဂါသည် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား သွေးဖောက်စစ်ဆေးခြင်း၊ တစ်ဦးချင်းနှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ **ART** ဆေးဝါးများပေးအပ်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိရာ မြင်းခြံဗဟိုအကျဉ်းထောင်သို့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာနေဝင်းသိန်းနှင့်အဖွဲ့ဝင်များသည် ၄-၈-၂၀၂၃ ရက်နေ့တွင် သွားနာ၊ သွားပိုးစား၊ သွားကိုက်၊ သွားဖုံးရောင်ခြင်းများ ခံစားနေရသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအား သွားကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းအားလည်းကောင်း၊ မန္တလေးဗဟိုအကျဉ်းထောင်သို့ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အလှည့်ကျဆရာဝန်များအဖွဲ့သည် ၂-၈-၂၀၂၃ ရက်နေ့တွင် အထွေထွေကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းအားလည်းကောင်း၊ ရမည်းသင်းအကျဉ်းထောင်သို့ မန္တလေး တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟိုမန္တလေးရုံးခွဲ)မှ ဒေါက်တာအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များသည် ၁၆-၈-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မိုးညှင်းဗဟိုအကျဉ်းထောင်သို့ ကချင်ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးနှင့် မိုးညှင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ၇-၈-၂၀၂၃ ရက်နေ့တွင် လည်းကောင်း အဆုတ်(တီဘီ)နှင့် ရင်ခေါင်းဆိုင်ရာရောဂါများစမ်းသပ်၊ စစ်ဆေး၊ ကုသခြင်းလုပ်ငန်း **(X-Ray Mobile Team Activity)**၊ တီဘီရောဂါသံသယလူနာများရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွေးဆေးဝါး Happy Water ၁၂ ဒသမ ၆၃ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၄-၈-၂၀၂၃ ရက်နေ့ ၁၆၀၀ အချိန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ဟံသာဝတီလမ်းဘက်မှ မြို့ရှောင်လမ်းဘက်သို့ စိုင်းဟောင်ခမ်း(ခ)စိုင်းတီ မောင်းနှင်ပြီး သက်လှိုင်ဦးလိုက်ပါလာသည့် **Toyota Crown** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး **Happy Water** ၁၂ ဒသမ ၆၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၁၈၃၀ အချိန်တွင် တာချီလိတ်မြို့၊ မကာဟိုခမ်း ရပ်ကွက်ရှိ မိုတယ်တွင် တည်းခိုနေသည့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူ မချိုနီရက်ဒီဆာရီကာအား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် **KTV/ CLUB/ BAR** နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့်



စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချနေမှုများကို ထိရောက်စွာ တားဆီးနိုင်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲ ရွေးချယ်ရေး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်



၂၀၂၃ ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆင့် စံပြရဲ ရွေးချယ်ရေး ရေးဖြေစာမေးပွဲအား ၃၀-၇-၂၀၂၃ ရက်နေ့ ၀၉၀၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ ရေးဖြေစာမေးပွဲဖြေဆိုနေမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယရဲချုပ်များနှင့် အရာရှိကြီးများက ကြည့်ရှုအားပေးကြပြီး အဆိုပါစံပြရဲ စိစစ်ရွေးချယ်ခြင်း အား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန် များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျင့် စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး စိတ်ဓာတ် မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ လုပ်ငန်းစွမ်းရည်ပြည့်ဝမှုနှင့် ဗဟုသုတ ကြွယ်ဝပြည့်စုံမှုတို့၌ စံပြုနိုင်ရေးအတွက် စံပြရဲစိစစ်ရွေးချယ်ခြင်းအား ရေးဖြေစာမေးပွဲစစ်ဆေး ခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း အဆင့်ဆင့်တို့တွင် အမှတ်အများဆုံးရရှိသည့် တပ်ဖွဲ့ဝင်များအား စံပြရဲအဖြစ် ရွေးချယ်ကာ နှစ်စဉ် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဆုချီးမြှင့်ခြင်းများ ကျင်းပ ပြုလုပ်လျက်ရှိပါသည်။

ထိုသို့ စံပြရဲရွေးချယ်ရေးအား နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် ရဲတပ်သား အဆင့်(၁၉)ဦး၊ ရဲဒုတပ်ကြပ်အဆင့်(၁၃)ဦး၊ ရဲ တပ်ကြပ်အဆင့်(၁၆)ဦး၊ ရဲတပ်ကြပ်ကြီးအဆင့် (၂၁)ဦး၊ ရဲအရာခံအဆင့်(၄)ဦး၊ ဒုရဲအုပ်အဆင့် (၂၇)ဦးနှင့် ရဲအုပ်အဆင့်(၁၅)ဦး စုစုပေါင်း ရဲတပ်ဖွဲ့ဝင် အမျိုးသား(၁၁၅)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း (၁၁၇)ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

## စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၉၃/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်







မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးနိုင်ဦးသည် ၂၄-၇-၂၀၂၃ ရက်နေ့ ၀၈၀၀ အချိန်တွင် အမှတ်(၂) မှုခင်းရဲတပ်ဖွဲ့ခွဲ (အင်းစိန်)ရှိ လေ့ကျင့်ရေးဌာနခွဲတွင် ဖွင့်လှစ်သည့် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ် (၁၉၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မှုခင်းရဲတပ်ဖွဲ့၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာနမှ ရဲမှူးကြီး ဇော်သန်း၊ ဌာနခွဲမှူး(လေ့ကျင့်ရေး) ဒုတိယရဲမှူးကြီး ခင်မော်မော်၊ အမှတ်(၂)မှုခင်း ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မောင်ဖုန်း၊ နည်းပြအရာရှိ(၂၅)ဦးနှင့် သင်တန်းသား/သူ (၁၂၀)ဦး စုစုပေါင်း(၁၄၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ကျိုက်ထိုမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၆-၇-၂၀၂၃ ရက်နေ့ ၂၁၃၀ အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရန်ကုန်မှ ရေးသို့သွားသည့် ခရီးသည်တင်ယာဉ်ပေါ်ပါ အောင်မင်းထွန်းအား အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၂၇-၇-၂၀၂၃ ရက်နေ့ ၁၂၀၀ အချိန်တွင် ဖမ်းမိမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သည့် ညီညီထွန်း(ခ)ညီညီအား ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ ၁၇၀၀ အချိန်တွင် စံလင်းနှင့် ထွန်းနိုင်မိုးတို့အား မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးတွင် အိုက်စ် ၁ ကီလို၊ **Honda Fit** မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၁၇ ၃၀ အချိန်တွင် ဖမ်းမိတရားခံ ထွန်းနိုင်မိုး ငှားရမ်းနေထိုင်သည့် မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းရှိ နေအိမ်တွင် အောင်ကိုဦးနှင့်အတူ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ် ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ၅ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ငွေကျပ်သိန်း ၂,၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၇-၇-၂၀၂၃ ရက်နေ့ ၂၁ ၀၀ အချိန်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်တွင် စိုင်းလီ(ခ)ဆိုင်းလီ မောင်းနှင်ပြီး ဂန်ဖန်(ခ)မာဘရန် လိုက်ပါလာသည့် **WISH** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂,၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၂၂ ၀၀ အချိန်တွင် လားရှိုးမြို့၊ အမှတ်(၂) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မဆိုင်းခေါ်နှင့် မမာခေါ်န် တို့ ၂ဦးအား မော်တော်ဆိုင်ကယ် ၁ စီး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသော မြန်မာကျပ်ငွေ ၃၆၅ သိန်းတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၄ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်တွင် ငွေကျပ်သိန်း ၄,၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်းကျော် ဖမ်းဆီးရမိ




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၈-၇-၂၀၂၃ ရက်နေ့ ၁၄၃၀ အချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ နန့်ခုတ်ကျေးရွာအနီး ကားလမ်းတွင် လွိုင်လင်မှ တောင်ကြီးဘက်သို့ ဝင်းထွန်းနိုင်(ခ)မျိုးတင့် မောင်းနှင်လာသည့် **HIACE** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄,၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၁၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## စာမျက်နှာ(၂)…မှ

ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာအရ နှစ်စဉ်အပြန်အလှန် အစည်းအဝေးများ ကျင်းပနေရာမှ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်ဆိုင်းထားမှုအား ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် Online လိမ်လည်ရာဇဝတ်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့အား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ညနေပိုင်းတွင် လာအိုနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Pol. Gen. Vilay Lakhamfong** မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ဖလှယ်ခဲ့ကြပါသည်။

အဆိုပါခရီးစဉ်တွင် ကြိုတင်ရောက်ရှိနေသည့် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၁၀-၈-၂၀၂၃ရက်နေ့တွင် (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး အာဆီယံအဆင့်မြင့် အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့ရာ လာအိုနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ရဲဗိုလ်ချုပ် **Somvanh Saylongpha** က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၅-၇-၂၀၂၃ ရက်နေ့မှ ၇-၇-၂၀၂၃ ရက်နေ့ထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ **ASOD** အဖွဲ့ခေါင်းဆောင်ဖြစ်သူ ရဲမှူးချုပ် ဝင်းနိုင်က ယင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကျဉ်းချုပ်ဆွေးနွေးတင်ပြခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ (၆၇)ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် (**CND**) အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်(မူကြမ်း)နှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ (၈)ကြိမ်မြောက်အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးအစီအစဉ်နှင့် သဘာပတိမိန့်ခွန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းအစီရင်ခံစာ ၂၀၂၂ ခုနှစ် ထုတ်ပြန်နိုင်ရေးအခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၂-၈-၂၀၂၃ ရက်နေ့ ဒေသစံတော်ချိန် ၁၃၃၀ အချိန် လာအိုနိုင်ငံ၊ ဗီယင်ကျန်းလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာခဲ့ရာ ယင်းနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး တပ်မတော်အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## နောက်ကျောဖုံး….မှ

**ONCB** အဖွဲ့၊ ထိုင်းတော်ဝင်ရဲအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ပူးပေါင်းလေ့ကျင့်သည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ **Eagle 19** သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဖွင့်လှစ်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်အဖွဲ့ **Eagle 19** သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(**ONCB**)၊အထွေထွေအတွင်းရေးမှူးချုပ် **Mr. Wichai Chaimongkhon**(ဝိချိုင်ချိုင်မုန်ခုန်)၊ ထိုင်းတော်ဝင်ရဲအဖွဲ့၊ ဒုတိယရဲချုပ် **Mr. Chinaphat Sarasin** (ချင်နဖတ်ဆာရဆင်)၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့မှ ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

သင်တန်းအား ၂-၇-၂၀၂၃ ရက်နေ့မှ ၃၁-၇-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ထိုင်းတော်ဝင် ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့၏ သင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သင်တန်းသူအရာရှိ ၂၂ ဦး၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(**ONCB**)၊ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တို့မှ သင်တန်းသူအရာရှိ ၂၇ ဦး၊ စုစုပေါင်း ၄၉ ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူအရာရှိများ၏ စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်၊ စွမ်းရည်စမ်းသပ်မှုနှင့် အထူးလုပ်ငန်းတာဝန်များအတွက် လေ့ကျင့်သင်ကြားပို့ချခဲ့သည့် သင်တန်းဖြစ်ပါသည်။

သင်တန်းဆင်းပွဲ၌ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(**ONCB**)၊ အထွေထွေအတွင်းရေးမှူးချုပ် **Mr. Wichai Chaimongkhon** (ဝိချိုင်ချိုင်မုန်ခုန်)၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်တို့မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်အဖွဲ့ **Eagle 19** သင်တန်းအမှတ်စဉ်(၅) သင်တန်းတက်ရောက် အောင်မြင်ပြီးစီးကြောင်း လက်မှတ်များအားသင်တန်းသူအရာရှိများထံ တစ်ဦးချင်းပေးအပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲမတိုင်မီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(**ONCB**)၊ အထွေထွေအတွင်းရေးမှူးချုပ် **Mr. Wichai Chaimongkhon** (ဝိချိုင်ချိုင်မုန်ခုန်)နှင့် တွေ့ဆုံပြီး ဒေသတွင်းမူးယစ်ဆေးဝါးအခြေအနေများ၊ ရွှေတြိဂံဒေသသို့ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသော ပရီကာဆာ ဓာတုပစ္စည်းများအား ဖမ်းဆီးရမိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်၊ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများသို့ မူးယစ်ဆေးဝါးများပျံ့နှံ့မှုမရှိစေရေး၊ ဒေသတွင်းဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ စနစ်တကျ ဖျက်ဆီးဆောင်ရွက်နိုင်ရေး၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပေးအပ်ရေး၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကြောင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု ပိုမိုတိုးတက်လာသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေတို့အား ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၃၀-၇-၂၀၂၃ ရက်နေ့ ညနေပိုင်းတွင် **Thai Airways International** လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပိုမိုထိရောက် အောင်မြင်စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်






ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်အများစုမှာ အစိုးရယန္တရားလည်ပတ်နိုင်ရန် ပေးအပ်သောတာဝန်များကို ကြိုးစားဆောင်ရွက်ကြသော်လည်း ၎င်းတို့၏ ပင်ကိုယ် အရည်အချင်းများကို ပြသခွင့်မရကြောင်း တွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းများထဲမှ အရည်အချင်းရှိသော်လည်း မီးခဲပြာဖုံးဖြစ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ လူကောင်းလူတော်များဖော်ထုတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို သတ်မှတ်လအလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၅-၇-၂၀၂၃ ရက်နေ့ ၀၉၃၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့်"**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပိုမိုထိရောက်အောင်မြင်စေရေး**" အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်မှ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီး (၃၀)ဦး၊ အလုပ်ရုံဆွေးနွေးပွဲ ကြီးကြပ်သူနှင့် ဦးဆောင်ဆွေးနွေးသူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင်(၂၄)ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဌာနကြီးများ၊ တပ်ဖွဲ့များ၊ လုံခြုံရေး ကွပ်ကဲမှုအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်/အထက်မြန်မာပြည်)တို့မှ ကိုယ်စားလှယ်ရဲအရာရှိ(၄၈)ဦး တက်ရောက်ခဲ့ပြီး ၁၇၃၀ အချိန်တွင် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင်မှ နိဂုံးချုပ်အမှာစကားပြောကြားပြီး ၁၇၄၀ အချိန်တွင် အလုပ်ရုံဆွေးနွေးပွဲ ပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ ထိုင်းတော်ဝင်ရဲအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တို့ ပူးပေါင်းလေ့ကျင့်သည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်





မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Wichai Chaimong Khon (ဝိချိုင်ချိုင်မုန်ခုန်)၏ ဖိတ်ကြားချက်အရ ၂၉-၇-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ထွက်ခွာခဲ့ပြီး ၃၀-၇-၂၀၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှ ကြီးမှူးစီစဉ်သည့် **စာမျက်နှာ (၁၉)သို့**